**ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**
www.knuhq.org

နေ့စွဲ။ ။ ဖေဖော်ဝါရီလ ( ၃ ) ရက်၊ ၂၀၂၁ ခုနှစ်။

## ပဒိုမန်းငြိမ်းမောင်နှင့် ပတ်သက်၍
## ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး၏ သတင်းထုတ်ပြန်ကြေညာချက်

၁။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်စွဲဖြင့် ထုတ်ပြန်သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ အမိန့်အမှတ် (၉/၂၀၂၁) အရ ဖွဲ့စည်းလိုက်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွင် ပဒိုမန်းငြိမ်းမောင် အမည် ပါဝင်သည်ကိုတွေ့ရှိရပါသည်။

၂။ **ကေအဲန်ယူ** အနေဖြင့် တပ်မတော်၏ နိုင်ငံတော်အာဏာသိမ်းယူသည့်လုပ်ရပ်အား ဆန့်ကျင်သည့် အဖွဲ့အစည်းဖြစ်ပါသည်။ ယင်းအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွင် အမည်ပါဝင်နေသည့် ပဒိုမန်းငြိမ်းမောင်နှင့် ပတ်သက်ပြီး အောက်ပါအတိုင်း အသိပေးအပ်ပါသည်။

က။ ပဒိုမန်းငြိမ်းမောင်သည် ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ (၂၁-၂၃) နေ့ရက်တွင် ပြုလုပ်သည့် (၇) ကြိမ်မြောက် ဗဟိုအမြဲတန်းကော်မတီ အရေးပေါ်အစည်းအဝေးတွင် မိမိဆန္ဒအလျောက် နုတ်ထွက်စာတင်ခြင်းကို ဗဟိုကော်မတီ အစည်းအဝေးမှ လက်ခံကာ နုတ်ထွက်ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။

ခ။ **ကေအဲန်ယူ** ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အဆိုပါနုတ်ထွက်ခြင်းသည် **ကေအဲန်ယူ** အဖွဲ့ဝင်အဖြစ်မှလည်း နုတ်ထွက်ခွင့်ပြုခဲ့ခြင်း ဖြစ်ပါသည်။

၃။ ထို့ကြောင့် ပဒိုမန်းငြိမ်းမောင်၏ လုပ်ဆောင်မှုများအားလုံးသည် ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးနှင့် မည်သို့မျှပတ်သက်ခြင်း မရှိပါကြောင်း သိစေအပ်ပါသည်။

ဗဟိုအလုပ်မှုဆောင်ကော်မတီ
ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး

ဆက်သွယ်ရန်- (၁) ပဒိုစောကွယ်ထူးဝင်း (+ ၉၅ ၉၄၂ ၂၁၉ ၁၉၄၁) (+၆၆ ၈၁၈ ၀၇၆၂၇၉)
(၂) ပဒိုစောတာဒိုမူး (+ ၉၅ ၉၇၉ ၅၈၈ ၇၀၈၅) (+၆၆ ၆၄၆ ၄၅၉ ၁၁၃)